၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်၊ သောကြာနေ့။

မန္တလေး

# မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးစို့

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ဖြစ်သည်။ ဤနေ့တွင် လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံးအောင် ဖျက်ဆီးလျက်ရှိသော မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှုများကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိပညာပေး ဝိုင်းဝန်းလှုံ့ဆော်ပေးကာ ထိရောက်စွာ တိုက်ဖျက်နိုင်ရေးဆောင်ရွက်ကြခြင်းကို ရည်ညွှန်းသောနေ့လည်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် ကုလသမဂ္ဂဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်အရ ဇွန်လ ၂၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ အသိဉာဏ်အမြော်အမြင်ကြီးမားလှသော လူ့အဖွဲ့အစည်းများကို ဆိတ်သုဉ်းချုပ်ငြိမ်းစေနိုင်သည်အထိ ဆိုးကျိုးကြီးမားလှသော မူးယစ်ဆေးဝါးကို နိုင်ငံအသီးသီးက ကာကွယ်ဟန့်တားနှိမ်နင်းရန် ရည်ရွယ်ခဲ့သည်။ မူးယစ်ဆေးဝါးမှန်သမျှသည် လူ၏ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဖြစ်စဉ်များကို ပြောင်းလဲစေသော ဓာတုပစ္စည်းများဖြစ်သည်။ လူကို ဒုက္ခပေးသည့် ဆေးဝါးအမျိုးမျိုးအနက် မူးယစ်ဆေးဝါးသုံးစွဲခြင်းက ထိုင်းမှိုင်းစေသောဓာတုပစ္စည်းတချို့သည် ကြောက်စရာအကောင်းဆုံးဖြစ်သည်။

ယနေ့ခေတ်၌ သိပ္ပံပညာထွန်းကားလာသည်နှင့်အမျှ ဆေးဝါးသစ်များရှာဖွေတွေ့ရှိလာသကဲ့သို့ မူးယစ်ဆေးဝါးများလည်း အမျိုးမျိုးပေါ်ပေါက်လျက်ရှိသည်။ ထို့ကြောင့် စိန်ခေါ်မှုအသစ်တွေကြားက မူးယစ်ဆေးဝါးပြဿနာ၊ ဆန်းသစ်တီထွင်နည်းလမ်းရှာ၊ စုပေါင်းကာကွယ်တိုက်ဖျက်ပါ။ မူးယစ်ဆေးဝါးအလွဲသုံးစားခြင်းသည် လူတို့၏ အသိဉာဏ်စွမ်းရည်ကို လျော့နည်းစေပြီး ကိုယ်ခန္ဓာစွမ်းအားကို ယုတ်လျော့စေနိုင်သည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အေအိုင်ဒီအက်စ်(ခေါ်)ကိုယ်ခံအားကျဆင်းစေသောရောဂါနှင့် အခြားရောဂါအမျိုးမျိုးတို့ဖြစ်ပေါ်စေသည်။ မူးယစ်ဆေးဝါးစွဲခြင်း၏ အရင်းခံသည် စိတ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကောင်းမရခြင်း၊ မိသားစု၏ လူမှုစီးပွားရေးအခြေအနေ အဆင်မပြေခြင်း၊ လူငယ်ပီပီ အပေါင်းအသင်းမှား လက်တည့်စမ်းခြင်းစသော နည်းများမှတစ်ဆင့် လူငယ်ထု၏အတွင်းသို့ မူးယစ်ဆေးသည် ဝင်ရောက်လာနိုင်သည်။ မူးယစ်ဆေး၏ပြဿနာသည် ဘဝ၏စိတ်ပိုင်းဆိုင်ရာ အဆင်မပြေမှုမှစတင်ရာ စိတ်ထွက်ပေါက် မလွဲမှားရေးသည်လည်း အရေးကြီးလှသည်။

လောကတွင် အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အမှားနှင့်အမှန် ဒွန်တွဲနေမြဲဖြစ်သည်။ တန်ဖိုးကြီးမားလှသော လူငယ်တို့၏ အင်အားများသည် အမှားဘက်သို့ ယိမ်းနိုင်သည်။ သူငယ်ချင်းအပေါင်းအသင်းကို ခင်မင်ရာမှလည်း လမ်းမှားကိုရောက်နိုင်သည်။ တန်ဖိုးမဖြတ်နိုင်သော အနာဂတ်ရတနာများဖြစ်သော လူငယ်လူရွယ်တို့ကို စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ဖွံ့ဖြိုးစေရန် စာပေလေ့လာဖတ်ရှုစေခြင်း၊ မိသားစုအား ချစ်ခင်နှစ်သက်အောင် အသိပညာပေးခြင်း၊ ပညာရေးတွင် ထူးချွန်အောင်ကြိုးစားစေရန် တိုက်တွန်းခြင်း စသည်တို့ ပြုလုပ်ပေးသင့်သည်။

သို့ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မှစတင်ကာ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးသွားရန်နှင့် လူငယ်လူရွယ်တိုင်းသည်လည်း "ရှောင်လေဝေးဝေး မူးယစ်ဆေး" ဟူသော ဆောင်ပုဒ်ကိုလိုက်နာလျက် ဆေးလိပ် အစရှိသော မူးယစ်ဆေးအစပြုမှုများကို ဆန့်ကျင်တိုက်ဖျက်သွားရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျောက်ဆည်တက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဇွန် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ကျောက်ဆည်တက္ကသိုလ် (၂၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ပင်မဆောင်၌ ပြုလုပ်သည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် မန္တလေးအထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် အထူးကုဆရာဝန်ကြီးများ ဦးဆောင်သောအဖွဲ့က ကျောက်ဆည်တက္ကသိုလ်မှ စုပေါင်းသွေးလှူဒါန်းကြသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးကြပြီး သွေးလှူရှင် ၁၁၉ ဦးကို အားဆေးများ၊ ကြက်ဥနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ပြီး မန္တလေးအထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီးက စုပေါင်း သွေးလှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## အသိပညာဗဟုသုတ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇွန် ၂၅**

ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိပညာဗဟုသုတများကြွယ်ဝစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ ပူးပေါင်းကျင်းပသော စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို အဆိုပါရုံးရှိ ကလေးစာဖတ်ခန်း၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကျင်းပခဲ့ရာ "ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ" များတွင် အမှတ်(၅)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၄ ဦးဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများအား အသိပညာဗဟုသုတများရရှိနိုင်စေရန် သုတရသစာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်း၊ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာဟောပြောပွဲများနှင့် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀

၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

**မန္တလေး ဇွန် ၂၅**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဖလား အတန်းအလိုက် ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲများကို ယနေ့ညနေပိုင်းက မန္တလေးမြို့ဇထူးအားကစားကွင်းတွင်ကျင်းပခဲ့ရာ ပထမအကြိုဗိုလ်လုပွဲအဖြစ် Year 2 အသင်းက Year 4S အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဒုတိယအကြိုဗိုလ်လုပွဲတွင် Year 1 အသင်းက Year 3 HS အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်သွားကြပြီး ဇွန် ၂၆ ရက်တွင် Year 1 အသင်းနှင့် Year 2 အသင်းတို့ ဗိုလ်လုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းနှင့် အဆိုပါအကြိုဗိုလ်လုပွဲပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဋ္ဌေးအောင်နှင့် ဆေးတက္ကသိုလ်(မန္တလေး)မှ ပြိုင်ပွဲကျင်းပရေးမှ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မန္တလေးဘောလုံးသမားများအသင်းမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များတက်ရောက် အားပေးကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀

၀-၀-၀-၀

## မန္တလေးတက္ကသိုလ် သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကျင်းပ

**မန္တလေး ဇွန် ၂၅**

မန္တလေးတက္ကသိုလ် သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို ယနေ့ညနေ ၆ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၃၂(A)လမ်း၊ ၆၇လမ်းနှင့် ၆၈ လမ်းကြား၊ Hotel Sakura Princess တွင်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကျောင်းသူဟောင်း ဒေါ်မြစိုးရည်(အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ)က သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ ယခုလို မိတ်ဆုံစားပွဲ ကျင်းပရခြင်းမှာ အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ပဏာမတွေ့ဆုံပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၂၇ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် သမိုင်းမေဂျာအာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့်တွေ့ဆုံကာ ကြိုတင်အသိပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းကျောင်းသား၊ ကျောင်းသူဟောင်းများ တီးခတ်သည့် တီးဝိုင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူဟောင်းများက တက်ရောက်လာသူများအားဖျော်ဖြေကြသည်။ သမိုင်းမေဂျာအနေဖြင့် ၂၀၁၂ ခုနှစ်ကတည်းက နှစ်နှစ်တစ်ကြိမ် အာစရိယပူဇော်ပွဲကို ကျင်းပလာခဲ့ရာ ကိုဗစ်-၁၉ နောက်ပိုင်း မကျင်းပဖြစ်သည့် အာစရိယပူဇော်ပွဲကို (၁၃)ကြိမ်မြောက်အဖြစ် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်ကို ကျောင်းသား၊ ကျောင်းသူဟောင်းများအား အသိပေးခြင်းဖြစ်ကြောင်း အတွင်းရေးမှူး ဦးနေလင်းမောင်မောင်က ပြောကြားသည်။

(ဓဓပုံ)

**(ရွှေမန်း)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

